ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၂ /၂၀၂၂

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်နိုင်ရေးအတွက် ကမ္ဘာပေါ်ရှိ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက်ရေးသားပြုစုနိုင်ရန်အတွက် **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက် ရေးသားပြုစုရေးအဖွဲ့"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဗိုလ်ချုပ် တင်မောင်ဝင်း | အဖွဲ့ဝင် |
| (ဂ) | ဗိုလ်မှူးကြီး အောင်ကျော်ထွန်း | အဖွဲ့ဝင် |
| (ဃ) | ဗိုလ်မှူး နေဟိန်း | အဖွဲ့ဝင် |

၂။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံများ၏ ဖွဲ့စည်းတည်ဆောက်မှုများအား လေ့လာပြီး အကြံပြုချက် ရေးသားပြုစုရေးအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာအောက်ပါ အတိုင်းဖြစ်သည်-

(က) အိန္ဒိယသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအား လေ့လာဆန်းစစ်ရန်၊

(ခ) လေ့လာတွေ့ရှိချက်များအနက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ အာဏာခွဲဝေမှုများ၊ ပြည်နယ်များတွင် အခြေခံဥပဒေရေးဆွဲပြဌာန်းမှုစနစ်၊ လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းထားရှိမှုများအား အသေးစိတ်ပြုစုရန်၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုက်ညီနိုင်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား အာဏာခွဲဝေနိုင်မည့် နည်းလမ်းများ၊ လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းနိုင်မည့် အနေအထားများကို (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံနှင့် ချိန်ထိုး၍ အကြံပြုရေးသားပြုစုတင်ပြရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး